# ဓမ္မခန္ဓာ (၇၇) စေစားခံရသူများ (အလ်–မုရ်ဆလာတိ)

ဉာဏ်စဉ်ကိန်းဝပ်ပေးမှု အမှတ်စဉ် (၃၃)၊ သုတ်ဒေသနာ အပါး (၅၀)၊

ဦးဌေးလွင်ဦး ပြန်ဆိုသည်။

## بِسْمِ اللّٰهِ الرَّحْمَنِ الرَّحِيمِ

ကရုဏာရှင် အကြင်နာရှင် ဖြစ်တော်မူသော ပရမတ်ဘုရားရှင်၏ ဂုဏ်တော်အားဖြင့်–[း:]

| | |
|---|---|
| ၁။ | وَالْمُرْسَلَاتِ عُرْفًا ۞<br>သုမင်္ဂလာကို စေစားသောသူများဖြင့်–[၁၁၁၅] |
| ၂။ | فَالْعَاصِفَاتِ عَصْفًا ۞<br>ထို့နောက် လွင့်ပါးခြင်း ဖြစ်ရန် လွင့်ပါးစေသောသူများဖြင့်– |
| ၃။ | وَالنَّاشِرَاتِ نَشْرًا ۞<br>ကစဉ့်ကလျှားဖြစ်ရန် ကစဉ့်ကလျှား ဖြစ်စေသောသူများဖြင့်– |
| ၄။ | فَالْفَارِقَاتِ فَرْقًا ۞<br>အဝေးသို့ရောက်ရန် အဝေးသို့ရောက်စေသောသူများဖြင့်– |
| ၅။ | فَالْمُلْقِيَاتِ ذِكْرًا ۞<br>သတိပေးတရားတော်ကို ထည့်သွင်းပေးသောသူများဖြင့်– |
| ၆။ | عُذْرًا أَوْ نُذْرًا ۞<br>ရှင်းရှင်းလင်းလင်းသိရန် သို့မဟုတ် သတိပေးနှိုးဆော်ရန်မှာ– |
| ၇။ | إِنَّمَا تُوعَدُونَ لَوَاقِعٌ ۞<br>ကေန်ပင် ကတိပေးထားရာသည် ဖြတ်သန်းလာလတ္တံ့။ |
| ၈။ | فَإِذَا النُّجُومُ طُمِسَتْ ۞<br>ကြယ်တာရာများကို ဆိတ်သုဉ်းစေသောအခါ– |

**(၁၁၁၅)** ဤသုတ်တော်များ ၁–၅ ထိတွင် သုမင်္ဂလာကို စေစားသောသူများ၊ လွင့်ပါးခြင်း ဖြစ်ရန် လွင့်ပါးစေသော သူများ၊ ကစဉ့်ကလျှား ဖြစ်ရန် ကစဉ့်ကလျှား ဖြစ်စေသော သူများ၊ အဝေးသို့ရောက်ရန် အဝေးသို့ပို့သောသူများ၊ သတိတရားတော်ကို ထည့်သွင်းပေးသော သူများ ဆိုသည်ကို အချို့ဆရာတော်ကြီးများက နတ်ဒေဝတာ ကောင်းကင် တမန်တော်များဟု ဆိုကြ၍၊ အချို့ကမူ တိုက်ခတ်သော လေများဟု ဆိုကြပေသည်။ ဆရာတော်ကြီးများ၏ ခေတ်နှင့် ဖွင့်ဆိုချက်ကို မစောကြောလိုပါ၊ သို့သော် ထိုပုဂ္ဂိုလ်များသည် လူသားများပင် ဖြစ်ကြောင်းကို သူတို့သည် ရှင်းရှင်းလင်းလင်းသိရန် လူသားတို့အား အသိပေးသည်၊ သို့မဟုတ် သတိပေးနှိုးဆော်သည်ဟု ဖေါ်ပြထားသော သုတ်တော် ၆ က သက်သေတည်လျှက် ရှိပေသည်။ ထိုပုဂ္ဂိုလ်များသည်– မိရိုးဖလာ အမိုက်စီး ခေါင်းဆောင်များကို တရားတော်အစစ် မင်္ဂလာသတင်းကို ပေးသည့်၊ ထို့နောက် လက်မခံသော သူများကို အချေမဲ့စေရန် လွင့်ပါးသွားရန် တော်လှန်သည့်၊ ကစဉ့်ကလျှား ထွက်ပြေးရအောင် တော်လှန်သည့်၊ သစ္စာတရားတော်အား မထိခိုက် မစော်ကားနိုင်ရန် အဝေးသို့ရောက်သွားအောင် တော်လှန်သည့်– သူတောင်ကောင်း လူစွမ်းကောင်းများ ဖြစ်ပေသည်။

| | |
|---|---|
| ၉။<br>☆၇၃း၁၈ | **وَإِذَا السَّمَاء فُرِجَتْ**۝<br>ကောင်းကင်ယံသည် အက်ကွဲပွင့်ထွက်သွားသောအခါ–☆ |
| ၁၀။<br>☆၁၃း၃၁ | **وَإِذَا الْجِبَالُ نُسِفَتْ**۝<br>တောင်တန်းများသည် မြေလှန်ခံရသောအခါ–☆ |
| ၁၁။ | **وَإِذَا الرُّسُلُ أُقِّتَتْ**۝<br>ဥဒ္ဒေသကာစဉ်ဆောင်များသည် အချိန်တိကျရောက်လာသောအခါ– |
| ၁၂။ | **لِأَيِّ يَوْمٍ أُجِّلَتْ**۝<br>မည်သည့် နေ့ကာလအား ရက်ချိန်းပြန်ပေးသနည်း။ |
| ၁၃။ | **لِيَوْمِ الْفَصْلِ**۝<br>အဆုံးအဖြတ် နေ့ကာလ– |
| ၁၄။ | **وَمَا أَدْرَاكَ مَا يَوْمُ الْفَصْلِ**۝<br>အဆုံးအဖြတ် နေ့ကာလဟူ၍ သင့်အား မည်သည်က တွေးသိစေသနည်း။ |
| ၁၅။ | **وَيْلٌ يَوْمَئِذٍ لِّلْمُكَذِّبِينَ**۝<br>ထိုနေ့ကာလ၌ ငြင်းဆန်သူတို့သည် ပျက်စီးရလတ္တံ့။ |
| ၁၆။ | **أَلَمْ نُهْلِكِ الْأَوَّلِينَ**۝<br>ငါအရှင်သည် ရှေးဦးပထမသူတို့ကို တိမ်ကောစေခဲ့ပြီ မဟုတ်လော။ |
| ၁၇။ | **ثُمَّ نُتْبِعُهُمُ الْآخِرِينَ**۝<br>တဖန် နောင်လာနောက်သားတို့ကို သူတို့နောက်သို့ လိုက်စေ၏။ |
| ၁၈။ | **كَذَلِكَ نَفْعَلُ بِالْمُجْرِمِينَ**۝<br>ငါသည် ရာဇဝတ်ကောင်တို့အား ယင်းသို့ ပြုလုပ်တော်မူပြီ။ |
| ၁၉။ | **وَيْلٌ يَوْمَئِذٍ لِّلْمُكَذِّبِينَ**۝<br>ထိုနေ့ကာလ၌ ငြင်းဆန်သူတို့သည် ပျက်စီးရလတ္တံ့။ |
| ၂၀။ | **أَلَمْ نَخْلُقكُّم مِّن مَّاء مَّهِينٍ**۝<br>ငါသည် သင်တို့အား မသတီဘွယ် ရေကြည်ပေါက်မှ ဖြစ်တည်စေသည် မဟုတ်လော။ |
| ၂၁။ | **فَجَعَلْنَاهُ فِي قَرَارٍ مَّكِينٍ**۝<br>သို့ဖြင့် ၎င်းအား လုံခြုံသော နေရာ၌ စီမံပေးထားသည်မှာ– |
| ၂၂။ | **إِلَى قَدَرٍ مَّعْلُومٍ**۝<br>စည်းချိန်တကျ သတ်မှတ်ကာလထိ ဖြစ်၏။ |
| ၂၃။ | **فَقَدَرْنَا فَنِعْمَ الْقَادِرُونَ**۝ |

| | |
|---|---|
| | သို့ဖြင့် ငါသည် စည်းချိန်ချမှတ်ထားပြီ၊ ငါ၏ စည်းချိန်ချမှတ်မှုသည် မည်မျှ ဂုဏ်ရှိလေသနည်း။ |
| ၂၄။ | **وَيْلٌ يَوْمَئِذٍ لِّلْمُكَذِّبِينَ**۞<br>ထိုနေ့ကာလ၌ ငြင်းဆန်သူတို့သည် ပျက်စီးရလတ္တံ့။ |
| ၂၅။ | **أَلَمْ نَجْعَلِ الْأَرْضَ كِفَاتًا**۞<br>ငါသည် မြေကမ္ဘာအား တည်မှီစရာအဖြစ် စီမံပေးထားသည် မဟုတ်လော။ |
| ၂၆။ | **أَحْيَاء وَأَمْوَاتًا**۞<br>သက်ရှိများနှင့် သက်မဲ့များအတွက်– |
| ၂၇။ | **وَجَعَلْنَا فِيهَا رَوَاسِيَ شَامِخَاتٍ وَأَسْقَيْنَاكُم مَّاء فُرَاتًا**۞<br>ထို၌ မြင့်မားသော တောင်ငုတ်များနှင့် သင်တို့အတွက် ရေကောင်းရေသန့်ကို သောက်သုံးရန် စီမံပေးထားသည် မဟုတ်လော။ |
| ၂၈။ | **وَيْلٌ يَوْمَئِذٍ لِّلْمُكَذِّبِينَ**۞<br>ထိုနေ့ကာလ၌ ငြင်းဆန်သူတို့သည် ပျက်စီးရလတ္တံ့။ |
| ၂၉။ | **انطَلِقُوا إِلَى مَا كُنتُم بِهِ تُكَذِّبُونَ**۞<br>သင်တို့က ငြင်းဆန်လေ့ရှိသော အရာဆီသို့ ထွက်ခွာလော့။ |
| ၃၀။ | **انطَلِقُوا إِلَى ظِلٍّ ذِي ثَلَاثِ شُعَبٍ**۞<br>အကိုင်း သုံးကိုင်းရှိသော အရိပ်ဆီသို့ ထွက်ခွာလော့။ [၁၁၆] |
| ၃၁။ | **لَا ظَلِيلٍ وَلَا يُغْنِي مِنَ اللَّهَبِ**۞<br>ယင်းသည် အေးရိပ်မဟုတ်၊ အပူဒဏ်ကြီးမှ ပြည့်စုံစေသည်လည်း မဟုတ်ချေ။ |
| ၃၂။ | **إِنَّهَا تَرْمِي بِشَرَرٍ كَالْقَصْرِ**۞<br>ကေန်ပင် ထိုမှ ခံတပ်မျှဖြစ်သော မီးကျည်ပန်းများ ပစ်ထုတ်နေ၏။ |
| ၃၃။ | **كَأَنَّهُ جِمَالَتٌ صُفْرٌ**۞<br>ယင်းသည် အဝါရောင် ကုလားအုပ် အတန်းကဲ့သို့ ဖြစ်၏။[၁၁၇] |
| ၃၄။ | **وَيْلٌ يَوْمَئِذٍ لِّلْمُكَذِّبِينَ**۞<br>ထိုနေ့ကာလ၌ ငြင်းဆန်သူတို့သည် ပျက်စီးရလတ္တံ့။ |
| ၃၅။ | **هَذَا يَوْمُ لَا يَنطِقُونَ**۞<br>ဤသည် သူတို့ စကားမပြောနိုင်သော နေ့ကာလ ဖြစ်၏။ |

**(၁၁၆)** ဤသုတ်တော်မှာ အကိုင်းသုံးကိုင်း ရှိသော အရိပ် ဆိုသည်ကို ဆရာတော်များက သုံးပါးတစ်ဆူ ကိုးကွယ်ခြင်း ဝါဒ ဖြစ်သည်ဟု ဖွင့်ဆိုကြပေသည်။ ထိုအရိပ်သည် အေးရိပ်မဟုတ်– အပူဒဏ်ကြီးမှ ကာကွယ်ရန် ပြည့်စုံသည်လည်း မဟုတ်ဟု ဆိုထားသောကြောင့်– မှားယွင်းစွာ ကိုးကွယ်နေသော စနစ်ဇယားတစ်ခုကို ဆိုလိုကြောင်း ထင်ရှားပေသည်။ လောဘ၊ ဒေါသ၊ မောဟ အမိုက်မှောင်များဟုလည်း နားလည် နိုင်ပေသည်။

**(၁၁၇) အလွန်လျှင်မြန်သော အဟုန်ဖြင့် ပြေးနေသော ကုလားအုပ်များ–** ဟု ဖြစ်၍ ထိုခေတ်ထိုအခါမှ အလွန်လျှင်မြန်ကြောင်းကို ပမာပေး ပြောခြင်း ဖြစ်၏။

| | |
|---|---|
| ၃၆။ | وَلَا يُؤْذَنُ لَهُمْ فَيَعْتَذِرُونَ۝<br>သူတို့အတွက် လွှတ်ငြိမ်းခွင့်တောင်းခြင်းကိုလည်း ခွင့်မပြုတော့ချေ။ |
| ၃၇။ | وَيْلٌ يَوْمَئِذٍ لِّلْمُكَذِّبِينَ۝<br>ထိုနေ့ကာလ၌ ငြင်းဆန်သူတို့သည် ပျက်စီးရလတ္တံ့။ |
| ၃၈။ | هَذَا يَوْمُ الْفَصْلِ جَمَعْنَاكُمْ وَالْأَوَّلِينَ۝<br>ဤသည် အဆုံးအဖြတ် နေ့ကာလဖြစ်၏။ ငါသည် သင်တို့နှင့် ရှေ့လူများကို စုစည်းစေတော်မူပြီ။ |
| ၃၉။ | فَإِن كَانَ لَكُمْ كَيْدٌ فَكِيدُونِ۝<br>အကယ်၍ သင်တို့၌ နည်းဗျူဟာ ရှိကြလျှင် ဗျူဟာချကြကုန်လော့။[၁၁၈] |
| ၄၀။ | وَيْلٌ يَوْمَئِذٍ لِّلْمُكَذِّبِينَ۝<br>ထိုနေ့ကာလ၌ ငြင်းဆန်သူတို့သည် ပျက်စီးရလတ္တံ့။ |
| ၄၁။ | إِنَّ الْمُتَّقِينَ فِي ظِلَالٍ وَعُيُونٍ۝<br>ကေန်ပင် စည်းစောင့်သူတို့သည် အရိပ်အဝါသ စိမ့်စမ်းများတွင် ဖြစ်ရလတ္တံ့။ |
| ၄၂။ | وَفَوَاكِهَ مِمَّا يَشْتَهُونَ۝<br>သူတို့ ဆန္ဒရှိသော သီးနှံတို့သည် ရှိနေ၏။ |
| ၄၃။ | كُلُوا وَاشْرَبُوا هَنِيئًا بِمَا كُنتُمْ تَعْمَلُونَ۝<br>သင်တို့၏ ကျင့်ကြံခဲ့မှုများကြောင့် စိတ်ချမ်းမြေ့စွာ စားကြကုန်လော့၊ သောက်ကြကုန်လော့၊ ဟု |
| ၄၄။ | إِنَّا كَذَلِكَ نَجْزِي الْمُحْسِنِينَ۝<br>ကေန်ပင် ငါသည် ကောင်းမွန်သူတို့အား ဤသို့ အကျိုးဆု ပေးတော်မူ၏။ |
| ၄၅။ | وَيْلٌ يَوْمَئِذٍ لِّلْمُكَذِّبِينَ۝<br>ထိုနေ့ကာလ၌ ငြင်းဆန်သူတို့သည် ပျက်စီးရလတ္တံ့။ |
| ၄၆။ | كُلُوا وَتَمَتَّعُوا قَلِيلًا إِنَّكُم مُّجْرِمُونَ۝<br>ယာယီဘဝ၌ အနည်းငယ်မျှ စားကြလော့၊ သင်တို့သည်ကား ရာဇဝတ်ကောင်များ ဖြစ်ကြ၏။ |
| ၄၇။ | وَيْلٌ يَوْمَئِذٍ لِّلْمُكَذِّبِينَ۝<br>ထိုနေ့ကာလ၌ ငြင်းဆန်သူတို့သည် ပျက်စီးရလတ္တံ့။ |
| ၄၈။ | وَإِذَا قِيلَ لَهُمُ ارْكَعُوا لَا يَرْكَعُونَ۝<br>သူတို့အား "ဦးညွှတ်ကြလော့၊" ဟု ပြောသောအခါ၊ သူတို့သည် ဦးမညွှတ်ကြချေ။ |
| ၄၉။ | وَيْلٌ يَوْمَئِذٍ لِّلْمُكَذِّبِينَ۝<br>ထိုနေ့ကာလ၌ ငြင်းဆန်သူတို့သည် ပျက်စီးရလတ္တံ့။ |

**(၁၁၈) လွတ်မြောက်ကြောင်း နည်းဗျူဟာရှိလျှင် လွတ်မြောက်အောင် လုပ်ကြကုန်လော့**– ဟု ဖြစ်သည်။

| | |
|---|---|
| ၅၀။ | فَبِأَيِّ حَدِيثٍ بَعْدَهُ يُؤْمِنُونَ۞<br>သို့ဖြစ်၍ ၎င်း၏ နောက် မည်သည့် ဆင့်ပြန်ချက်များကို ယုံကြည်ကြဦးမည်နည်း။[၁၁၁၉] |

**(၁၁၁၉)** ဤသုတ်တော်မှ "၎င်း၏နောက်" ဆိုသည်မှာ ဤကုရ်အံကျမ်း၏ နောက် ဟု ဆရာတော် အများစုက ဖွင့်ဆိုကြပေသည်။ ထို့နောက် ဆင့်ပြန်ချက် ဟူသော စကားကို အာရ်ဗီစာဖြင့် ဟဒီးဆ် ဟု ရေးသားသဖြင့် ဤကုရ်အံကျမ်းအပြင် အခြားသော ဟဒီးဆ်များကို လက်ခံရန် မလိုဟု လည်း အချို့သော ပညာရှင်များက ပြောဆိုကြပေသည်။